# ယုံကြည်ချက်ကို
# မပြောင်းလဲသောလူသားများနှင့်
# ယုံကြည်ချက်ကို
# ပြောင်းလဲကြကုန်သောလူသားများ

ဒေါက်တာထွန်းဝင်း



## နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအပေါ် သာမန်လူတစ်ယောက်ရဲ့ သာမန်အမြင် သာမန်အတွေး

**Foreign Direct Investment (FDI) နဲ့ ပတ်သက်လို့ ဘာကြောင့် ရေးမိတာလဲ**

ရေးရတဲ့ အကြောင်းကတော့ FDI နဲ့ ပတ်သက်လို့ ယခုခေတ် အခါ သ မ ယ မ ၂၁ မျှော်လင့်ချက်များ ကျယ်ကျယ်လောင်လောင် ကြားရပါသောကြောင့် ဖြစ်ပါတယ်။ ကျွန်တော်တို့ နိုင်ငံသည် G20 ခေါ် စက်မှု ထိပ်တန်းနိုင်ငံများ နှင့် စာလျှင် စီးပွားရေး ပညာရေး နောက်ကျ ပါတယ်။ FDI သည် ယခင် အတိတ်ကာလတုန်းကလည်း ရှိခဲ့ပါသည် ။ သို့သော် ပမာဏနည်းပါးပြီး ကျွန်တော်တို့ သည် နိုင်ငံတကာနှင့် ယှဉ်တွဲ၍ စီးပွားရေးလုပ်နိုင်သော အတွေ့အကြုံ နုနယ်ပါဦးမယ်။ ဒီတော့ အတွေ့အကြုံသစ် အခွင့်အလမ်းသစ် စတာတွေကိုလည်း မျှော်မိကြပါမယ် ။

၂၀၁၀မှာ ကျွန်တော်တို့ နိုင်ငံ ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ပြီးစီးသွားသဖြင့်လည်း မြန်မာပြည်ကိုလေ့လာကြကုန်သော နိုင်ငံခြားသားများက FDI ဆိုတာကို ပိုမို လုပ်လာနိုင်ပါတယ်။ ဒီတော့ ကျွန်တော်တို့ နိုင်ငံသားတွေကလည်း FDI ဆိုတာကို ပြန်လေ့လာနိုင်ဖို့ မြင်ဖို့ တွေးဖို့ လိုပါတယ်။

**သာမန်လူတစ်ယောက်ရဲ့ သာမန်အတွေး**

လွန်လေပြီးသော ကာလတစ်ခုက အမေရိကန်နိုင်ငံက နိုဘယ်ဆုရ စီးပွားရေးပါမောက္ခကြီး စတစ်ဂလစ်မြန်မာနိုင်ငံရဲ့ စီးပွားရေးအခြေအနေ အလားအလာ အခွင့်အလမ်းတွေကို ဆွေးနွေးသွားတယ်။ အမြင်တွေကို ပြောသွားတယ်။ အဲဒါက ပညာရှင်တွေရဲ့ အမြင် ပညာရှင်တွေရဲ့ အတွေးပါ။ ဒါပေမဲ့ အချို့ကိစ္စတွေမှာ ပညာမဟုတ်ဘဲ သာမန်ဦးနှောက်လောက်နဲ့ လည်း မြင်လို့ ရတာတွေ ရှိတယ်။ ဥပမာ ဆိုပါစို့ ။ကျွန်တော်တောဘက်မှာ ဆေးခန်းစဖွင့်တုန်းက နတ်ကတော်တစ်ယောက်က ကျွန်တော့်ကိုလာပြောတယ်။ သူတို့ ရဲ့ မယ်တော်းဆိုလား၊ ဘဒွေးတော်ဆိုလား နတ်မင်းက ထီပေါက်အောင် ကူညီနိုင်ပါတယ်။ နတ်ပွဲပေးပါလားလို့ ဆိုတယ်။ ကျွန်တော်လည်း ရိုးရိုးလေးပဲ စဉ်းစားတာဆိုတော့ ထီပေါက်မှာ သေချာရင် လူတိုင်းနတ်ပွဲပေးမှာ ပေ့ါ။ ထီပေါက်အောင် စောင်မနိုင်သောနတ်ကလည်း သူ့ရဲ့ နတ်ကတော်ကို ထီပေါက်အောင် ဘာလို့ မကူညီရသေးတာလဲ ဆိုတာ ရိုးရိုးတွေးတာပါ။ အဲဒီလို တွေးတတ်ဖို့ ပါမောက္ခတစ်ယောက်ဖြစ်ရန် မလိုပါ။ ဟုတ်ပြီ၊ ဒါရင်းနှီးမြှုပ်နှံခြင်း(Investment) ဆိုတာ တွေးကြည့်လိုက်ပါတယ်။ အတွေးကတော့ ဒီလိုပါ။ တစ်ကျပ်ရင်းရင် နှစ်ကျပ်ပြန်ယူချင်မှာ ပါ။ တစ်ကျပ်ရင်းပြီး ငါးမူးပဲ ပြန်ရမယ်ဆိုရင် ဘယ်သူမှ လာပြီး မရင်းနှီးပါ။ ဟုတ်ကဲ့ ဒါဆိုရင် နောက်တစ်ဆင့်တက်ပြီး ရိုးရိုးလေးတွေးကြည့်ရအောင်။

ငွေရင်းနှီးမြှုပ်နှံပြီး ဘယ်တော့အမြတ်ပေါ်ချင်တာလဲ ဆိုတော့ ငွေတစ်ကျပ်ရင်းပြီးရင် မနက်ဖြန်မှာ ငွေနှစ်ကျပ်ပြန်လိုချင်မှာ ပါ။ မြတ်တာတော့မြတ်ပါရဲ့ ။ ငွေတစ်ကျပ်ရင်းပြီးရင် နောက်အနှစ် ၂၀ကြာမှ မြတ်မယ့် အလုပ်မျိုးတော့ လုပ်ချင်ကြမှာ မဟုတ်ပါ။ ဥပမာ။ ဘယ်နိုင်ငံရယ်လို့ တော့ မဟုတ်။ မြေရိုင်းပေါတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုမှာ G20 နိုင်ငံကြီးတစ်ခုက သစ်ကုမ္ပဏီကြီးတစ်ခု လာရောက်ရင်းနှီးသော် မြေရိုင်းတွေကို

ဝယ်၍ ကျွန်းပင်အစေ့ (မျိုးစေ့)တွေကို မြေကြီးထဲ မြုပ်နှံပြီး ကျွန်းပင်ပေါက်လို့ နောင်နှစ်ပေါင်း ၅၀မှာ ကျွန်းခုတ်လို့ ရတဲ့ နှစ် ၅၀ ရင်းနှီးမြှုပ်နှံမှုကို လုပ်ချင်ပါ့မလား။ သစ်ထုတ်လုပ်တဲ့ လွှ၊ စင်တွေ၊ သစ်ဆွဲကားတွေကို ရင်းနှီးပြီး ရရှိပြီးသားသစ်ပင်ကို ချက်ချင်းခုတ်၊ ချက်ချင်းငွေရ၊ ချက်ချင်း အကျိုးရှိတာကို လုပ်ချင်မှာ ပါ။ အဲဒါ လူ့စိတ်လောဘ သဘာဝပါဟု ဆိုချင်ပါ၏။ အဲဒါရိုးရိုးလေး အတွေးသက်သက်ပါ။ ဟုတ်ကဲ့ နောက်တစ်ပိုင်းကတော့ဖွံ့ဖြိုးဆဲနိုင်ငံရဲ့ နိုင်ငံသားတစ်ယောက် အနေနဲ့ FDI ကိုဘယ်လိုမြင်ပါသလဲ။ မတွေးဘဲနဲ့ တုံးတုံးတိတိကြီးမျှော်လင့်မယ် ဆိုရင်တော့ ဒီလို မျှော်လင့်နိုင်ပါတယ်။ နိုင်ငံခြားက လုပ်ငန်းတွေလာရင် အလုပ်အကိုင် အခွင့်အလမ်းတွေ ပေါလာမယ်။ အလုပ်ရမယ်။ အမေရိကန်နိုင်ငံမှာ အလတ်တန်းစား မန်နေဂျာတစ်ယောက်ရဲ့လစာဟာ ဒေါ်လာ ၄၀၀၀၀ (လေးသောင်း) ဆိုပါလား။ တို့ တွေရော FDI လုပ်တဲ့ နိုင်ငံခြားကုမ္ပဏီမှာ မန်နေဂျာဖြစ်ရင် အဲဒီတစ်ဝက် ဒေါ်လာ ၂၀ ၀၀၀ (နှစ်သောင်း)လောက်များ ရလေမလားမျှော်လင့်နိုင်ပါတယ်။ သို့သော် တွေးတောခြင်း Thinking လုပ်ရင်တော့ အဲဒီလိုမျှော်လင့်ချက်မျိုး မမြင်ဘူး။

## ရိုးရိုးအတွေး

နိုင်ငံခြားသား ကုန်သည် များ သည် မိမိတို့ ထက်လည်သည် မို့ ရိုးရိုးပဲတွေးပါတယ်။ သူတို့ က လည်း မြန်မာနိုင်ငံသားတစ်ယောက်ရဲ့ တစ်နှစ်ပျမ်းမျှဝင်ငွေ၊ အလုပ်သမားဈေးကွက်မှာ လစာ ပေါက်ဈေးတွေကို ဒီကိုမလာခင်ကတည်းက အင်တာနက်မှာ ရှာကြည့်ထားပြီးသား။ ဒီတော့ လူတော်ကို လိုချင်ရင် ပေါက်ဈေးထက်နည်းနည်းပိုပေးမှာ ပေါ့။ အဲဒီလို ရေးခြင်းသည် နိုင်ငံခြားသား မကောင်းကြောင်းရေးတာမဟုတ်ပါ။ Marketing Nature ခေါ် ဈေးကွက်သဘာဝကို ရေးတာပါ။

အဆိုကျော် မိုက်ကယ်ဂျက်ဆင်က သီးသန့်ငှားထားတဲ့ နှလုံးအထူးကုဆရာဝန်ကြီးကို မိုက်ကယ်ဂျက်ဆင်က လစာ တစ်လလျှင် ဒေါ်လာ ၁၀၀၀၀၀ (တစ်သိန်း) ပေးရ၏။

တစ်လောကလုံး သတင်းစာမှာ ကြော်ငြာတွေ့ရာ မြန်မာပြည်မှ ကထိကအဆင့် အထူးကု ဆရာဝန်ကြီးများ အရှေ့အလယ်ပိုင်းနိုင်ငံတစ်ခုတွင် နှစ်အကန့်အသတ်ဖြင့် အလုပ်လုပ်လိုသော် လျှောက်ထားနိုင်၏ ဟုဆိုပါ၏။ လစာ ဒေါ်လာ ၁၅၀၀ (တစ်ထောင့်ငါးရာ) ဖြစ်၏။

## ရိုးရိုးအတွေး

မိုက်ကယ်ဂျက်ဆင်က သူ့ရဲ့ ဆရာဝန်ကို တစ်လ ဒေါ်လာတစ်သိန်း ပေးပြီး ငှားချိန်မှာ အရှေ့အလယ်ပိုင်းသူဌေးတွေက မြန်မာနိုင်ငံက အထူးကုတွေကို တစ်လ ဒေါ်လာ ၁၅၀၀ နဲ့ ကမ်းလှမ်းတာဆိုတော့ အရှေ့အလယ်ပိုင်းက အလုပ်ရှင်တွေဟာ ခပ်နုံနုံခပ်အအတွေ မဟုတ်ဘူး ။ သြော်သူတို့ လည် ခေသူမဟုတ်ဟု ရိုးရိုးပဲ တွေးလိုက်မယ်ဆိုရင် အဲဒီလိုစီးပွားရေးပါရဂူဘွဲ့ရဖို့ မလိုပါဟု ထင်ပါသည် ။ FDI လုပ်ငန်းတွေ ရောက်လာရင် အလုပ်တွေရရန်အတွက် သင်တန်းတွေ တက်ရမှာ လား။ နိုင်ငံခြား Work Shop တွေ တက်ရမှာ လား၊ နည်းပညာ High Tech တွေ တက်ရမှာ လား။

ဟုတ်ကဲ့၊ အဲဒီလိုတွေးမယ်ဆိုရင်လည်း တွေးစရာပါ။ သင်တော့ပေးမှာ သေချာပါတယ်။

ဥပမာ။ ပရိဘောဂစက်ရုံမှာ အလုပ်ခိုင်းမယ်ဆိုရင် ရွှေပေါ်ထိုးနည်း၊ ပေါလစ်သုတ်တဲ့ နည်း တွေ သင်ပေးမှာ ပါ။ ကျွမ်းကျင်လုပ်သားဖြစ်အောင် သင်ပေးမှာ ပါ။ အဲဒါက ထမ်းပိုးကျင့်ပေးတာပါ။ ကျွမ်းကျင်လုပ်သားကို ခိုင်းတဲ့ နည်း ထမ်းပိုးကျင့်ထားပြီးသူတွေကို ဇက်ကြိုးဆွဲကိုင်န

ည်းကိုတော့ မိမိ သားသမီးကိုပဲ မိမိသင်ပေးမှာ ပေ့ါ။ ဒါတော့ ရိုးရိုးအတွေးပါ။ မဆန်းပါဘူး။

ဒီတော့ ဒီတော့ ဒီတော့ ရယ်ပါ။ အတွေးပေါင်းစုံကို စုစည်းလိုက်တော့ ဒီလို သဘောပေါက်တယ်။ သာမန်ဦးနှောက်နဲ့ သဘောပေါက်မိတာကတော့-

•ရင်းနှီးမြှုပ်နှံတာ အမြတ်လိုချင်လို့ ပါ။

•အမြတ် မြန်မြန်လိုချင်ပါတယ်။ ဖွံ့ဖြိုးရေးလာလုပ်တာ မဟုတ်ပါ။ မြေထောင်မြှောက်ပေးဖို့ လာတာ မဟုတ်။

•အလုပ်အကိုင်အခွင့်အလမ်း ရနိုင်ပါတယ်။ လစာကတော့ ပေါက်ဈေးထက် နည်းနည်းပိုမှာ ပေ့ါ။

•ပညာသင်ပေးမှာ ပါ တပည့်လာရှာတာမဟုတ်။

•ပေးမယ့် လစာကတော့ အရိုးကိုက်ရသလောက်ပဲလို့ တင်စားလို့ ရပါတယ်။

**ဒါဆိုရင် ဖွံ့ဖြိုးဆဲနိုင်ငံတွေဘက်က ဘယ်လိုပြင်ဆင်ထားသင့်ပါသလဲ။**

•သူတို့ က အခိုင်းခံ ကျွမ်းကျင်လုပ်သားဖြစ်အောင် သင်ပေးမှာ ပါ။ ခိုင်းတတ်အောင် Management သင်မှာ မဟုတ်ပါ။ မိမိက တစ်ထွာပြရင် တစ်တောင်မြင်ရမယ်။ ခိုင်းရင်လည်း လုပ်ဖို့ လိုပါတယ်။ ငွေယူရင် တာဝန်ကျေရမယ်။ အောက်သက်ကျေတဲ့ လူတစ်ယောက်ဖြစ်ဖို့ လိုပါတယ်။ သို့သော် ခိုင်းတာလောက်ပဲလုပ်တတ်တဲ့ ဘဝမှာ ကျေနပ်မနေသင့်ပါဘူး။ မိမိဘာသာ ပညာကို ရှာဖွေတတ်ရမယ်။ သင်သလောက်ပဲ တတ်ပြီး ရပ်တန့်နေလို့ မရပါ။

•အရိုးကိုက်ရလို့ လည်း အားငယ်စရာမလိုပါ။ အရိုးဟင်းတစ်ခွက်ကို ဘဝတစ်ခုရဲ့ ပန်းတိုင် ဆုလာဘ်လို့ မမှတ်ယူသင့်ပါဘူး။ ရှေ့ဆက်ရမယ့် ဖွံ့ဖြိုးရေးခရီးစဉ်အတွက် အာဟာရတစ်ခုလို့ သတ်မှတ်လိုက်စေချင်ပါတယ်။

•တစ်နေ့နေ့ တစ်ချိန်ချိန်မှာ သူတို့ နဲ့ ပုခုံးချင်းယှဉ်နိုင်အောင် ကြိုးစားသင့်ပါ၏။

ဒါပေမဲ့. . . ဒါပေမဲ့. . . ဒါပေမဲ့. . .ရယ်လိုက်ပါ။ နိုင်ငံခြားကုမ္ပဏီတွေမှာ အလုပ်လုပ်ကိုင်တဲ့ အခါ အရေးကြီးတာက -

•မိမိတို့ က Corruption ခေါ် အကျင့်ပျက် ခြစားတာမျိုး မလုပ်ကြဖို့ အရေးကြီးပါသည် ။

•လက်ကြောမတင်းတာမျိုး မလုပ်ပြဖို့ လုပ်တယ်။

(ဥပမာ။မရှိလို့ လုပ်စားတာ ဖြည်းဖြည်းပေါ့ စရိုက်မျိုး)

•အချင်းချင်း နေရာလုပြီး တံတောင်တွပ်၊ သပ်လျှို၊ ခြေထိုးခံ၊ အဆင်းဘီးတပ်၊ နောက်ကျောက ဓားနဲ့ ထိုး၊ ကုန်းချော၊ အတင်းပြော၍ နိုင်ငံခြားသာ အထင်သေးအောင် လုပ်မပြဖို့ လိုပါ၏။

*

# နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအပေါ် သာမန်လူတစ်ယောက်ရဲ့ သာမန်အမြင် သာမန်အတွေး

ဘန်ကောက်မြို့ စားသောက်ဆိုင်တစ်ခုမှ ကုလားလေးတစ်ဦးနှင့် ရန်ကုန်မြို့က တရုတ်မလေးတစ်ဦးတို့ ၏ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ဒဿန

၂၀၁၁၏ နှစ်ဆန်းပိုင်းတွင် ဖြစ်ပါ၏။ စာရေးသူ ကျွန်တော်သည် ဘန်ကောက်မြို့ ဟိုတယ် တစ်ခုတွင် တည်းခိုလျက်ရှိရာမှ နေ့လည်ပိုင်းတွင် ပျင်းရိသဖြင့် ဘန်ကောက်မြို့တွင်း ခြေဦးတည့်ရာ လမ်းလျှောက်နေရာ တစ်နေရာသို့ရောက်သောအခါ အတော်အသင့်ခမ်းနားသော အိန္ဒိယ စားသောက်ဆိုင်တစ်ခုကို တွေ့၍ နေ့လည်စာစားရန် ဝင်သွားပါ၏။ စား ပ ွဲထ ိုးလေ းမ ျားမ ျ ာ ကုလားလေးများ ဖြစ်ကြပြီး အနောက်တိုင်းဝတ်စုံများကို သပ်သပ်ရပ်ရပ်ဝန်လျက် ပျူပျူငှာငှာ ညှော့ ခံဝတ်ပြုကြ၏။ အင်္ဂလိပ်စကားကိုလည်း ရေရေလည်လည် ပြောနိုင်ကြ၏။ ကျွန်တော်သည် အိန္ဒိယဟင်းအချို့နှင့် ထမင်းကို မှာ ယူ၍ စားသုံးနေစဉ် အသက် ၂၅နှစ်ခန့် အလွန်ရည်မွန်သော ကုလားစားပွဲထိုးကလေးတစ်ဦးသည် ကျွန်တော့်ကိုကွက်ကြည့် ကွက်ကြည့် လုပ်နေသည် သတိထားမိသည် ။ သူသည် ကျွန်တော်နှင့် မိတ်ဆွေဖွဲ့လိုဟန် ရှိ၏။ သူက ကျွန်တော့်အနားသို့ မရဲတရဲ ကပ် လာပြီး အင်္ဂလိပ်ဘာသာဖြင့်

“Which Country are you from.”

“လူကြီးမင်း ဘယ်နိုင်ငံက လာပါသလဲ ခင်ဗျာ”

ကျွန်တော်က တိုတိုတုတ်တုတ်ပင် ဖြေ၏။

“မြန်မာနိုင်ငံကပါ။ ရန်ကုန်မြို့ကပါ”

ထိုအခါ သူက

“Oh My God” ဟု ဆိုကာ မြန်မာဘာသာဖြင့်

“ဝမ်းသာလိုက်တာ လေးလေး၊ ကျွန်တော်က မြန်မာနိုင်ငံကပါ။ လေးလေးဟာ မြန်မာမျိုးချစ် ပုဂ္ဂိုလ်ကြီးတစ်ယောက်ဆိုတာ သိလို့ မိတ်ဖွဲ့ပါရစေ ခင်ဗျား၊ ကျွန်တော့်နာမည် ဇော်ဇော်ပါ”

“ဟေ. . . . ငါ့ကို အခုမှ တွေ့ရတာ ဘယ့်နှယ်ကြောင့် ငါ့ကိုမျိုးချစ်ပုဂ္ဂိုလ်ကြီးလို့ ထင်ပြန်တာလဲ”

“ဒီလိုပါလေးလေး၊ ဘန်ကောက်မြို့ လမ်းမကြီးပေါ်မှာ မြန်မာလုံချည်ဝတ်ပြီး လျှောက်သွားနေတာ လေးလေးတစ်ယောက်ပဲ ရှိမယ်ထင်ပါတယ်၊ ကျွန်တော် ဘန်ကောက်ရောက်နေတာ သုံးနှစ်ရှိပါပြီ၊ တစ်ချို့ မြန်မာတွေ ဘန်ကောက်ကို လာရင် အားလုံး ဘောင်းဘီဝတ်ပါတယ်၊ လုံချည်ဝတ်တာတော့ လေးလေးတစ်ယောက်တည်းပဲတွေ့တယ်၊ ဒီတော့ လေးလေးဟာ တိုင်းရင်းသားဝတ်စုံဝတ်ထားလို့ မျိုးချစ်ပုဂ္ဂိုလ်လို့ ထင်မိပါတယ်။ ဟုတ်တယ် မဟုတ်လား လေးလေး”

“ဟေ. . .၊ လုံချည်ဝတ်ရတဲ့ အကြောင်းကို ရှင်းပြရမယ်ဆိုရင် ဒီလိုပါကွာ၊ လေးလေးက အရင်တုန်းက မြန်မာနိုင်ငံက ကုလသမဂ္ဂစီမံကိန်းတွေမှာ လုပ်တုန်းက နိုင်ငံခြားသားတွေနဲ့ အတူတူ ရုံးတက်ရတော့ ပတ်ဝန်းကျင်နဲ့ လိုက်လျောညီထွေဖြစ်အောင် ဘောင်းဘီဝတ်ပြီး ရုံးတက်တယ်၊ အခုတော့ နိုင်ငံခြားသားတွေနဲ့ အတူ အလုပ်မလုပ်တော့ဘူး။ ဒီ

တော့ အရင်တုန်းကချုပ်ထားတဲ့ ဘောင်းဘီတွေပြကုန်ပြီ နှစ်ထည်ပဲ အကောင်းကျန်တယ်၊ ထပ်လည်း မချုပ်ဖြစ်ဘူး၊ ဘန်ကောက်လာတော့ ဘောင်းဘီနှစ်ထည်ထည့်လာခဲ့တာ၊ လေယာဉ်ပျံစီးတဲ့ နေ့က တစ်ထည်ဝတ်တယ်၊ နောက်တစ်ထည်က မနေ့က မြဘုရားသွားတုန်းက ဝတ်လိုက်တယ်၊ အဲဒါ ဝတ်ပြီးတော့မလျှော်ဖြစ်ဘူး၊ ဘောင်းဘီဝတ်စရာ မရှိတော့လို့ လုံချည်ဝတ်လာတာပါ”

သို့နှင့် သူက. . .

“ဟာဗျာ၊ ကျွန်တော်က မျိုးချစ်စိတ်ကြောင့် လုံချည်ဝတ်လာတာလို့ ထင်နေတာ”

“ဟာကွာ၊ ဟေ့ ဟေ့ မျိုးချစ်စိတ်လည်း ရှိပါတယ်ကွ၊ မင်း ငါနဲ့ သူငယ်ချင်းဖြစ်ချင်ရင် ဖြစ်လို့ ရပါတယ်၊ ငါ့နာမည်က ထွန်းဝင်းလို့ ခေါ်တယ်၊ မှတ်ထားပေ့ါကွာ၊ ဒါနဲ့ မင်းက ဘယ်လိုလုပ်ပြီး ဒီကို ရောက်နေရတာလဲ”

“ဒီလိုပေ့ါ လေးလေးရာ၊ ဘဝဆိုတာ ကောက်ကြောင်းတစ်ခုပဲ မဟုတ်လား၊ ရေကြည်ရာ မြက်နုရာ ပြောင်းရွှေ့ရတာပေ့ါ၊ ဘဝဆိုတာ ပန်းခင်းလမ်းလိုဖြောင့်ဖြူးနေတာမှ မဟုတ်တာ”

“ဟိုက် မြတ်စွာဘုရား မင်းကတော့ ကမ္ဘဝါဖတ်တဲ့ ကုလားတစ်ယောက်ပါလား”

“ကမ္ဘဝါဖတ်တဲ့ ကုလားဆိုတာ ဘာလဲ လေးလေး”

“ဒီလိုကွာ အင်္ဂလိပ်ခေတ်က ကုလားတွေ မြန်မာနိုင်ငံကို ရောက်လာတော့ တစ်ချို့ကုလားက သိပ်လည်ပြီး ဗမာစကားအကုန်၊ ဗမာရည်လည်လွှန်းလို့ ဗမာတွေ သိပ်မတတ်တဲ့ ပါဠိစကားပါ တတ်တော့မလိုတင်

စားပြီး ကမ္ဘာဝါဖတ်မယ့်ကုလားလို့ လူရည်လည်တဲ့ ကုလားတွေကို ဗမာတွေပေးတဲ့ နာမည်ပါ"

"လေးလေးက ဘာအလုပ်လုပ်ပါသလဲ ခင်ဗျ"

"ငါက ဂျာနယ်အချို့မှာ ဆောင်းပါးရေးပါတယ်"

"ဟာဗျာ အဆင်သင့်လိုက်တာ၊ ကျွန်တော့်ရဲ့ အတွေးအခေါ်အချို့ကို နည်းနည်းလေး တင်ပြ ခွင့်ပြုပါ"

"ဟ . . . ကောင်းတာပေါ့ကွာ၊ ပြောပါ"

"ဒါနဲ့ လေးလေး၊ ကျွန်တော်တို့ မြန်မာနိုင်ငံ ရွေးကောက်ပွဲပြီးသွားတော့ ဘာတွေ ဆက်ဖြစ်ကြသေးလဲ"

"ဒါလား အဲ့ဒါကတော့ မကြာခင် လွှတ်တော်တွေခေါ်ပြီး လွှတ်တော်ကချမှတ်တဲ့ ဆုံးဖြတ်ချက်တွေကို အကောင်အထည်ဖော်မှာ ပေါ့။ ပုထုဇဉ် လူတိုင်းက ချမ်းသာချင်ကြတာပေါ့ကွာ၊ ဒီတော့ လုပ်ငန်းတွေဖွံ့ဖြိုးဖို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု FDI Foreign Direct Investment ကို မျှော်လင့်တဲ့ လူကလည်း မျှော်တာပေါ့ကွာ"

"ဟုတ်လား လေးလေး၊ ကျွန်တော် ပြောချင်တာလည်း အဲဒီ FDI ကိစ္စပဲ"

"ဟုတ်လား ဆိုပါဦး"

"ကျွန်တော်က မျိုးချစ်စိတ်ရှိတဲ့ ပြည်ထောင်စုကုလားတစ်ယောက်ပါ၊ ဒီမှာ ဖွံ့ဖြိုးတော့ ကျွန်တော် အဆင်ပြေနေတယ်၊ ကျွန်တော်တို့ ဆီက လူငယ်တွေကိုလည်း အဆင်ပြေစေချင်တယ်"

“ဟုတ်လား၊ ဝမ်းသာတယ် မင်း ဝင်ငွေ တော်တော်ကောင်းလား”

“တစ်လကို စရိတ်ငြိမ်း အမေရိကန် ဒေါ်လာ ၃၀၀ လောက်စုမိပါတယ် လေးလေး”

“ဟေ မြန်မာပြည်မှာ INGO တွေတောင် မြို့နယ်အရာရှိ အဆင့်လောက်ဆိုရင် ဒေါ်လာ 400 လောက်ပဲ ပေးနိုင်ပါတယ်၊ မင်းကံကောင်းတာ သိရလို့ ဝမ်းသာတယ်၊ ဘန်ကောက်မြို့ကြီးလည်း ချမ်းသာနေတာ တွေ့ရလို့ မုဒိတာ ပွားပါတယ်ကွာ”

“ဘန်ကောက်မြို့ကြီး ဖွံ့ဖြိုးနေတယ်ဆိုပေမယ့် လုပ်ငန်းအားလုံးကို ထိုင်းနိုင်ငံသားချည်းပိုင်တာ မဟုတ်ဘူး လေးလေး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေပါ၊

ဥပမာ။ကြယ်ငါးပွင့် ဟိုတယ်ကြီးတွေ၊ ဆေးရုံကြီးတွေ၊ ကုမ္ပဏီကြီးတွေ ကုန်တိုက်ကြီးတွေမှာ အနောက်ဥရောပက ကုမ္ပဏီရဲ့ ရှယ်ယာတွေပါတယ်။ ထိုင်းနိုင်ငံသားတွေကတော့ ဝန်ထမ်းလုပ်ဖို့ အခွင့်အလမ်းတွေ တိုးတက်လာတာပေါ့”

**စားပွဲထိုးလေး ဇော်ဇော် ပြောပြသော မြန်မာနိုင်ငံ၏ အားသားချက် (သို့) အရှုံးထဲက အမြတ်**

“ကျွန်တော် ဒီရောက်မှ သိလာရတာကတော့ ထိုင်းလူမျိုးအများ စုက အင်္ဂလိပ်စာ လုံးလုံး မတတ်ပါဘူး၊ ဗမာနဲ့ ထိုင်းနဲ့ ယှဉ်ရင် ဗမာကတောသားလည်း မူလတန်းမှာ အင်္ဂလိပ်စာသင်ရတော့ ထိုင်းနဲ့ စာရင် အင်္ဂလိပ်စာတတ်တယ်၊ မြန်မာနိုင်ငံကို အင်္ဂလိပ်က ကိုလိုနီလုပ်လို့ နစ်နာသွားပေမယ့် မြန်မာနိုင်ငံမှာ အင်္ဂလိပ်အထက်တန်းကျောင်းတွေ ဥပမာ- စိန်ပေါလ်တို့ မက်သဒစ်တို့ ပေါ်လာခဲ့ပြီး အဲဒီခေတ်ကို မီလိုက်တဲ့ လူတွေက အင်္ဂလိပ်လို ရေရေလည်လည် တတ်တယ်၊ အဲဒါ အရှုံးထဲက

အမြတ်ပဲ၊ ထိုင်းနိုင်ငံမှာ FDI များ ပေမယ့် အင်္ဂလိပ်စာတတ်တဲ့ မြန်မာတွေ ကြီးကြပ်ရေးမှူးအဆင့် လောက်မှာ ဝန်ထမ်းနေရာရနေကြတာ တော်တော်များ တယ် လေးလေး၊ အခု ကျွန်တော်လုပ်တဲ့ စားသောက်ဆိုင်ဆိုရင် စားပွဲထိုးအဆင့်ကို ထိုင်းလူမျိုး မလုပ်နိုင်ဘူး၊ အိန္ဒိယ စားသောက်ဆိုင်ဆိုတော့ ကုလားလိုရော၊ အင်္ဂလိပ်လိုရော၊ ထိုင်းလိုရော သုံးမျိုးတတ်တဲ့ ကျွန်တော်တို့လို မြန်မာပြည်က လူကို လစာကောင်းကောင်း ပေးပြီး ခေါ်ထားတာပါ။ ထိုင်းတွေကတော့ အင်္ဂလိပ်လက်အောက်မှာ လည်း မနေဖူးဘူး၊ အင်္ဂလိပ်စာလည်း သိပ်မတတ်ကြဘူး၊ အဲဒါကြောင့် မြန်မာပြည်မှာ FDI လာလုပ်ရင် ထိုင်းထက်စာရင် ဘာသာစကား အတားအဆီးမရှိလို့ လူ တော်တော် များများ အလုပ်ရနိုင်ပါတယ်”

“ဆက်ပါဦးကွ”

“ဒါပေမဲ့ တစ်ခုတော့ရှိတယ် လေးလေး၊ နိုင်ငံခြားသား အလုပ်ရှင်က မျက်နှာလွှဲရတဲ့ ဝန်ထမ်းတွေဖြစ်ဖို့ တော့ လိုတယ်၊ ကျွန်တော်တို့ ကုလားဆိုင်က ဆိုင်ခွဲတွေ အများကြီးရှိပါတယ်၊ ပိုင်ရှင် ဘော့စ် က မျက်လုံးဒေါက်ထောက်လိုက်ကြည့် မနေနိုင်ဘူး၊ ထိုင်းမှာ က ဘုရင်၊ ဘုရင်က ဆုံးမတယ်။ ကျွန်တော် သိသလောက် ရဲတွေလည်း တော်ကြတယ်၊ ဝန်ထမ်းတွေလည်း တော်ကြတယ်၊ ဒီတော့ FDI လာတော့ ထိုင်းဝန်ထမ်းတွေကလည်း မျက်နှာလွှဲလို့ ရတဲ့ လူတွေများ တယ် လေးလေး၊ ကျွန်တော်ပြောချင်တာက အဲဒါပါပဲ လေးလေး” ဟု ဆိုပါ၏။

ထို့ကြောင့် ဒသနမှာ -

FDI လာလျှင် ဒေသခံဝန်ထမ်းတွေက မျက်နှာလွှဲလို့ ရတဲ့ လူတွေ ဖြစ်ဖို့ လိုတယ်။ (ဇော်ဇော် သို့မဟုတ် ကီရှိုးကူးမား၊ ထိုင်းနိုင်ငံရောက် ကု

လားမြန်မာ ကပြားလေး)

### တရုတ်မလေး အားချန်ချန်း၏ FDI ဆိုင်ရာ ဒဿန

လွန်ခဲ့သော သုံးနှစ်ခန့်က ကျွန်တော်တို့ ဇနီးမောင်နှံသည် ရန်ကုန်မြို့တွင် အားချန်ချန်း ခေါ် သင်းလဲ့ရီ ဆိုသူ ရှမ်းတရုတ်ကပြားမလေးနှင့် ခင်ခဲ့ဖူး၏။ အားချန်ချန်းသည် တောင်ကြီးသူဖြစ်ပြီး ငယ်စဉ်က တရုတ်ကျောင်းနေခဲ့ရ၍ တရုတ်စာ တရုတ်စကားကို တရုတ်တစ်ယောက်နှင့် မခြား တတ်၏။ အသက် ၂၅နှစ်တွင် ရန်ကုန်သို့လာ၍ တရုတ်သူဌေးတစ်ဦးပိုင် လုပ်ငန်းတစ်ခု၌ ကြီးကြပ်ရေးမှူးအဆင့် အလုပ်လုပ်၏။ ထိုစဉ် ၎င်းကုမ္ပဏီမှ တရုတ်ကလေးတစ်ဦးနှင့် ချစ်ကြိုးသွယ်၍ လက်ထပ်ရန် စီစဉ်၏။ ရပ်ကွက်ရုံး၌ လက်ထပ်စာချုပ် လက်မှတ်ထိုးရန် သက်သေအဖြစ် ကျွန်တော်တို့ လင်မယားကို လာခေါ်၍ လိုက်သွားခဲ့ပါ၏။ ရပ်ကွက်ရုံးရောက်တော့ လက်ထပ်စာချုပ် တွင် လက်မှတ်ထိုးရန် သတို့သား သတို့ သမီးတို့ ၏ မှတ်ပုံတင်များ တောင်းသောအခါ သတို့ သား၌ မှတ်ပုံတင်မရှိမရှိ၊ ဗမာစကားမတတ်သော တရုတ်တစ်ဦးဖြစ်နေ၏။ မြန်မာနိုင်ငံလာလုပ်သော တရုတ် FDI ၌ ကြီးကြပ်ရေးမှူးလုပ်ရန် တရုတ်ပြည်ကရောက်လာသူ ဖြစ်၏။ ကျွန်တော်တင်ပြချင်သည် က တရုတ်စုံတွဲ လက်ထပ်သည့် ကိစ္စမဟုတ်၊ ကြီးကြပ်ရေးမှူးဆိုတာ အကြီးတန်းမန်နေဂျာလည်း မဟုတ်၊ မြန်မာနိုင်ငံသားတွေလည်း လုပ်တတ်လျက်နှင့် ဘာကြောင့် တရုတ်နိုင်ငံက လူတစ်ယောက်ကို တကူးတက မှာယူရပါသလဲ ဆိုသည့် ကိစ္စ ဖြစ်၏။ သို့နှင့် တရုတ်မလေး အားချန်ချန်းကို ဤကိစ္စနှင့် ပတ်သက်၍ မေးကြည့်ရာ တရုတ်မလေးက ပြောတာကတော့ တရုတ် FDI သူဌေးက ကံဆိုးတာလားတော့ မသိ။ သူနဲ့ ရေစက်ဆုံတဲ့ မြန်မာအလုပ်သမားတွေကို သူမနိုင်တော့ဘူး။ မျက်လုံး ဒေါက်ထောက်ကြည့်ရမလို ဖြစ်နေတယ်။ မျက်နှာနည်းနည်းလွှဲလိုက်တာနဲ့ မသမာ

မှုတွေ လုပ်ကြတယ်။ တရုတ် FDI လုပ်ငန်းရှင် အရင်းပြုတ်မလိုဖြစ်နေ၏။ သို့နှင့် ဝန်ထမ်းတွေကို မျက်စိဒေါက်ထောက် လိုက်ကြည့်ရန် တရုတ်တစ်ယောက်ကို တရုတ်ပြည်မက လှမ်းမှာ လိုက်ရပါတယ် ဟု ဆိုပါ၏။

ထို့ကြောင့် ဒသနမှာ -

ဒေသခံ အလုပ်သမားများကို မျက်လုံးဒေါက်ထောက် ကြည့်နေရပါက FDI လာလုပ်သော သူဌေးများ အရင်းပြုတ်နိုင်၏။

အားချန်ချန်း ခေါ် သင်းလဲ့ရီ ရှမ်းတရုတ်ကပြား ကြီးကြပ်ရေးမှူး အမျိုးသမီးတစ်ဦးက ဆိုပါ၏။

ထိုင်းနိုင်ငံတွင် SAFARI WORLD ဆာဖာရီကမ္ဘာ ဆိုသော အပန်းဖြေစခန်းတွင် ဖျံလိမ္မာများ ပြပွဲတစ်ခု၌ ကျွန်တော်သည် ဖျံလိမ္မာပြပွဲကို ကြည့်ရာပွဲကြည့်စင်သည် လူပြည့်နေပြီး လူ ၉၀ ရာခိုင်နှုန်း သည် နိုင်ငံခြားသားများ ဖြစ်၏။ ပွဲကြည့်စင်က လူတွေကို အကြမ်းဖျင်းရေတွက်ရာ လူ ၂၀၀၀ ခန့်ရှိ၏။ ဆာဖာရီကမ္ဘာသို့ ဝင်ကြေး ထိုင်းဘတ် ၉၀၀ ပေးရ၏။ အကြမ်းအားဖြင့် ဒေါ်လာ ၃၀လောက် ပေးရ၏။ လူ ၂၀၀၀ လောက်ဆိုတော့ ဒေါ်လာ ၆၀၀၀၀ ဖြစ်နေပြီ။ တစ်လကို ဒေါ်လာ ၁၈၀၀၀၀၀ (ဆယ့်ရှစ်သိန်း) ဖြစ်နေပြီ။ ဒါက ပွဲကြည့်စင်တစ်ခုတည်းက လူတွေကိုကြည့်ပြီး တွက်တာပါ။ တစ်နိုင်ငံလုံး အတိုင်းအတာနဲ့ ကြည့်ရင် ဒေါ်လာပေါင်း ကုဋေပေါင်းများ စွာ ရမည်။ ဒါဆိုရင် နိုင်ငံ၏ အမျိုးသားဝင်ငွေမြင့်မားလာပါပြီ။ ဒီတော့ ထိုင်းနိုင်ငံရဲ့ ဖွံ့ဖြိုးမှုအဆင့်ကိုသွား၍ ရိုက်ခတ်သောအခါ Development Status ခေါ် ဖွံ့ဖြိုးမှုအဆင့်မြင့်သွားပါပြီ။ အဲဒီလိုဖွံ့ူးရေး အဆင့်မြင့်သွားဖို့ အကြောင်းများ စွာ ရှိသည့် အနက် အရေးပါသော အကြောင်းတစ်ခုကတော့ FDI

ပဲ ဖြစ်ပါတယ်။

FDI အကြောင်း ရေးရသော် ရေးစရာ များ လွန်းလှပါ၏။ နိုင်ငံတစ်ခုသို့ FDI တွေလာရန် အကြောင်းအရင်းတွေ အများကြီးပါ။ ရေးရန် မကုန်ပါ။ သို့သော် ကုလားလေး ကီရိုးကကူး၏ ခေါ် ဇော်ဇော် နှင့် တရုတ်မလေး အားချန်ချန်း ခေါ် သင်းလဲ့ရီတို့ ၏ အဆိုအရတော့ FDI တွေလာရန် အကြောင်းရင်းတစ်ခုမှာ ဒေသခံနိုင်ငံသားဝန်ထမ်းတို့ ကို ယုံကြည်စိတ်ချရမှု ဖြစ်ပါသည် ဟူ၍ ဖြစ်ပါကြောင်း။

*

## ဆင်းရဲခြင်းပြဿနာကို လက်တွေ့ကျကျဖြေရှင်းခြင်း
## (သို့)
## မျှော်လင့်ချက်များကို စောင့်မနေသူ

**လက်ငင်းအခြေအနေ**

ကမ္ဘာပေါ်မှာ ဖွံ့ဖြိုးဆဲနိုင်ငံတော် အများကြီးပါ။ မြန်မာနိုင်ငံလည်း ပါဝင်၏။ G20 စာရင်းဝင် ဖွံ့ဖြိုးပြီးနိုင်ငံတွေက နိုင်ငံသားသူဌေးတွေနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံသား ကျွန်တော်တို့ ပျမ်းမျှအားဖြင့် ဘယ်သူပို၍ ဆင်းရဲမလဲဆိုရင် ကျွန်တော်တို့ က ဆင်းရဲပါတယ်။ ဒါဟာ ပစ္စုပ္ပန်ရဲ့ ပကတိ အခြေအနေ အမှန်ပါ။ ဆင်းရဲခြင်း အမျိုးမျိုးမှာ တော့ ငွေကြေးဆင်းရဲခြင်းကို အဓိက တင်ပြလိုပါ၏။

**လောကဓံတရား ရှစ်ပါး**

လူသားတိုင်း တစ်နေ့မဟုတ် တစ်နေ့ ကြုံတွေ့လာရမယ့် လောကဓံတရားရှစ်ပါးကတော့ -

၁။ ဆင်းရဲခြင်း

၂။ ချမ်းသာခြင်း

၃။ ချီးမွမ်းခံရခြင်း

၄။ ကဲ့ရဲ့ ခံရခြင်း

၅။ အခြွေအရံနည်းခြင်း

၆။ အခြွေအရံများ ခြင်း

၇။ လာဘ်ရခြင်း

၈။ လာဘ်မရခြင်း တို့ ပဲ ဖြစ်ပါသည် ။ စပါး ရှိစေကာမူ ဖွံ့ဖြိုးဆဲနိုင်ငံသားတို့ အဓိက ဖြစ်နေကြတာကတော့ ဆင်းရဲခြင်းလောကဓံပင် ဖြစ်ပါ၏။

## ဆင်းရဲခြင်းလွတ်ကင်းအောင် ဘယ်လိုလုပ်မလဲ

ဆင်းရဲခြင်းလွတ်ကင်းအောင် လမ်းပြဆောင်တဲ့ သီအိုရီ သဘောတရားတွေကတော့ ပြောရရင် တစ်ထောင့်တစ်ည ပုံပြင်ထက် ရှည်လျားမှာ ပါ။ တက်ကျမ်းတွေမှာ ဘယ်လိုရေးတာ၊ ဘယ်ဘီလျံနာ ဘယ်အင်ထရာပရီနော (စွန့်ဦးတီထွင်)က ဘယ်လိုချမ်းသာလာတာ။ ဘယ် CEO က ဘယ်လိုပြောတာ စသဖြင့် မဆုံးနိုင်ပါ။ ဒါပေမဲ့ သူတို့ လုပ်သလို လိုက်လုပ်လို့ သူတို့လိုဖြစ်ကြေးဆို ရင် ကျွန်တော်တို့ ဘီလျံနာဖြစ်ရတာကြာပါပြီပေါ့။ ဒါပေမဲ့ ဘာကြောင့် ကျွန်တော်တို့ သူတို့လို ဘီလျံနာ မဖြစ်ရပါသလဲ ဆိုသော် လူတွေမှာ "မတူခြင်း အမျိုးမျိုး" ရှိပါ၏။

ဘာတွေလဲ ဆိုတော့ -

လူချင်းတူသော်လည်း ဉာဏ်ချင်းမတူ ဉာဏ်ချင်းတူသော်လည်း ပါရမီချင်းမတူ၊ ပါရမီချင်း တူသော်လည်း ဝီရိယချင်းမတူ၊ ဝီရိယချင်းတူသော်လည်း သတိချင်းမတူ၊ သတိချင်းတူသော်လည်း သမာဓိချင်းမတူ၊ သမာဓိချင်းတူသော်လည်း ပဋ္ဌာန်းဆက်ချင်းမတူ ၊ ပဋ္ဌာန်းဆက်ချင်းတူသော်လည်း ဆုတောင်းချင်းမတူ၊ ဆုတောင်းချင်းတူသော်လည်း သဒ္ဓါချင်း မတူကြပါ။

သို့သော် မတူလို့ လက်မှိုင်ချစရာမလိုသလို ကျွန်တော်တို့ ၏ ဉာဏ်၊

ဝီရိယတို့ ကို ထက်မြက်အောင်တော့ ကြိုးစားရမှာ ပေါ့။

**တိုင်းပြည်တစ်ပြည် တိုးတက်ဖို့ သီအိုရီပေါင်းများ စွာ -**

ကမ္ဘာပေါ်မှာ တရုတ်က ဘာကြောင့် တိုးတက်လာတာ အိန္ဒိယက ဘာကြောင့် တိုးတက်တာ၊ အာရှကျားလေးကောင်က ဘယ်လိုစသဖြင့် စာတွေ့တွေများ လှပါ၏။ ဒါပေမဲ့ ကျွန်တော်မြင်တာကတော့ ကျွန်တော်တို့ မြန်မာနိုင်ငံက ယနေ့ဆင်းရဲသားအချို့ ရင်ဆိုင်နေရတဲ့ ပြဿနာက နောက်၁၀နှစ်ကြာရင် မြန်မာနိုင်ငံဟာ အာရှကျားဖြစ်စေ၊ အာရှခြင်္သေ့ဖြစ်စေ ဖြစ်ဖို့ နည်းလမ်းရှာနေတာက ဒုတိယဖြစ်ပြီး ပထမ ပြဿနာက ယနေ့ညနေ ထမင်းချက်စားဖို့ ဆန်အိုးထဲမှာ ဆန်ရှိဖို့ ဖြစ်၏။

**ဆင်းရဲခြင်း လောကဓံကို လက်တွေ့ကျကျ အံတုသူ (သို့) အစိုးမရသော အနတ္တတရား မျှော်လင့်ချက်တွေကို ငုတ်တုတ်ထိုင်မစောင့်သူ**

ကျွန်တော်၏ ဖခင်ဘက်က ဘိုးဘိုးသည် ၁၉၁၀ ခုနှစ်လောက်တုန်းက အသက် ၁၈နှစ် အရွယ် ကျေးတောသားလေးတစ်ဦး ဖြစ်၏။ အဲဒီတုန်းက ဗြိတိသျှအစိုးရလက်အောက်ခံ ကိုလိုနီခေတ် ဖြစ်ပါသည် ။ အဲဒီတုန်းက ကျွန်တော့်ဘိုးဘိုးသည် အထမ်းဈေးသည် ဖြစ်၏။ အထမ်းထဲ၌ ၎ ရုပ်သီးခြောက်၊ ကြယ်သီး၊ အပ်ချည်လုံး၊ ဆား၊ ပဲကြီးလှော် လက်ဖက်ခြောက် စသော ကုန်စုံများကိုထည့်၍ ရွာစဉ်လှည့်၍ ဈေးရောင်းရပါသည် ။ ဒီတော့ ကိုလိုနီခေတ်က အထမ်းသည် ဘဝသည် ဆင်းရဲခဲ့ပါသည် ။ ချမ်းသာချင်လို့ ဆိုပြီး လွတ်လပ်ရေးကို ထိုင်စောင့်နေလို့ မရပါ။ အဲဒီတုန်းက ဆိုရင် လွတ်လပ်ရေးကို ယူပေမယ့် ဗိုလ်ချုပ်အောင်ဆန်းတောင် ငါးနှစ်သားလောက်ပဲ ရှိပါဦးမည်။ လွတ်လပ်ရေးကို ငုတ်တုတ်ထိုင်စောင့်နေခြင်းသည် ကျွန်တော့်ဘိုးဘိုး၏ လက်ငင်းပြဿနာက ရွာစဉ်လျှောက်ပြီး ဈေးရောင်းရတော့ တစ်ရွာနဲ့ တစ်ရွာအကူး တော

လမ်းမှာ မိုးချုပ်သွားရင် ဘိုးဘိုးဟာ လမ်းဘေး ဇရပ်မှာ အထမ်းကိုဘေး ချပြီး အိပ်ရသည် ။ ဒီတော့ ခြင်သိပ်ကိုက်တယ်။ ပုဆိုး ခေါင်းမြီးခြုံပြီး အိပ်ရတယ်။ ဒီတော့ ဘိုးဘိုးဟာ ခြင်ထောင်တစ်လုံးဝယ်နိုင်ဖို့ တစ်နေ့ ကို ပိုက်ဆံတစ်ပြား စုတယ်။ အင်္ဂလိပ်ခေတ်က ခြင်ထောင်တစ်လုံး တန် ဖိုးသည် တစ်ကျပ် ဖြစ်၏။ ငွေတစ်ကျပ်ကိုရတော့ ဘိုးဘိုးသည် ခြင် ထောင်ဝယ်ရမှာ နှမြောပြီး ငွေတစ်ကျပ်ကို အရင်းအနှီးထဲ ထည့်လိုက် တော့ ဘိုးဘိုးရဲ့ အထမ်းဟာ ပိုကြီးလာတယ်။ ပိုရောင်းကောင်းတယ်။ ပို မြတ်တယ်။ နောက်တော့ ဘိုးဘိုးဟာ မြို့ပေါ်တက်ပြီး အထည်ဆိုင်ဖွင့်နို င်တယ်။ လွတ်လပ်ရေးရတဲ့ အချိန်ကို ရောက်တော့ ဘိုးဘိုးဟာ ရန်ကုန် မှာ အိမ်ဝယ်နိုင်ပြီး လူလတ်တန်းစားတစ်ဦး ဖြစ်လာတယ်။

## ဆင်းရဲသားတစ်ဦး၏ လက်တွေ့ကျကျ ပညာရေး၌ ရင်းနှီးမြှုပ်နှံမှု

ပညာရေး ရင်းနှီးမြှုပ်နှံမှုဟာ နိုင်ငံတစ်ခု ဖွံ့ဖြိုးရေးအတွက် သိပ်ပြီး အရေးပါတာ အမှန်ပါ။ နိုင်ငံတစ်ခု တစ်နှစ်ဝင်ငွေရဲ့ ရာခိုင်နှုန်းဘယ် လောက်ကို ပညာရေးမှာ ရင်းနှီးမြှုပ်နှံသင့်တယ် စသဖြင့် အကြံပြု ပြော ဆိုချက်တွေဟာလည်း အမှန်တရားပါ။ ဗြိတိသျှကိုလိုနီခေတ်တုန်းက အင်္ဂလိပ်တွေက မြန်မာတွေ ပညာတတ်ဖို့ ရင်းနှီးမြှုပ်နှံမှု ဘယ်လောက် လုပ်ခဲ့သလဲဆိုတာ လေးတန်းအထိသာ ပညာသင်ဖူးသော ကျွန်တော်၏ ဘိုးဘိုးဟာ မှန်းဆကြည့်ဖို့ ဉာဏ်မမီခဲ့ပါ။ သို့သော် သူ့ဉာဏ်နဲ့ သူသိသ လောက် ဆုံးဖြတ်တာကတော့ သူ့ရဲ့ သားကြီး (ကျွန်တော့်ဖေဖေ)ကို ပ ညာတတ်ဖြစ်စေရန် ဆောင်ရွက်မြေတောင်မြှောက်ပေးဖို့ ဆိုတာတော့ သိခဲ့တယ်။ တစ်ချိန်က အထမ်းဈေးသည် လုပ်ခဲ့သော လေးတန်းပညာ တတ် ကျွန်တော့်ဘိုးဘိုးသည် ပညာရေး၌ ကြီးကြီးမားမား ရင်းနှီးမြှုပ်နှံ မှုကို လုပ်ခဲ့ရပါသည် ။ ကျွန်တော့်ဖေဖေ ဆယ်တန်းအောင်တော့ ကျွန် တော့်ဘိုးဘိုးသည် အထမ်းသမား ဈေးသည် ဘဝက လွတ်မြောက်ပြီး အ

ထည်ဆိုင်ဖွင့်နိုင်ပါပြီ။ သို့သော် သိပ်ချမ်းသာလှသည် တော့ မဟုတ်။ ကျွန်တော့်ဘိုးဘိုးတွင် သားသမီး ၈ယောက်ရှိရာ ကျွန်တော့်ဖေဖေက အကြီးဆုံးဖြစ်သည် ။ ကျွန်တော့်ဘိုးဘိုးက အလယ်တန်း မူလတန်းတို့တွင် ကျောင်းတက်နေကြသော ကျွန်တော့်ဖေဖေ၏ ညီမ ၄ဦးကို ကျောင်းထွက်ရန် နာချ၍ ဈေးရောင်းစေခဲ့သည် ။ ကျွန်တော့်ဘိုးဘိုး ရှာလို့ ရသမျှ ငွေနဲ့ တက္ကသိုလ်ကျောင်းစရိတ်မလောက်၍ ကျွန်တော့်အဒေါ်လေးယောက် ဈေးရောင်းရသော ငွေကိုပါ ပညာရေးဘက်မှာ ရင်းနှီးမြှုပ်နှံမှုပြုရသည် ။ သားတစ်ယောက် ပညာတတ်တစ်ယောက်ဖြစ်ဖို့ သမီး လေးယောက်ရဲ့ ပညာရေးအခွင့်အလမ်းနဲ့ လုပ်အားကိုပါ မြှုပ်နှံခဲ့ရတယ်။ ကျွန်တော့်ဘိုးဘိုးက အင်္ဂလိပ်အစိုးရကိုသွားပြီး ပညာရေးစရိတ် ဘယ်လောက်သုံးပါ။ ဘယ်လောက်ရင်းနှီးမြှုပ်နှံမှုပြုပါလို့ ပြောမနေသလို ဘယ်နိုင်ငံခြားကပေးမယ့် စကောလားရှစ်ကိုမှ လည်း မမျှော်ကိုးပါဘူး။ အဲဒါကတော့ ဆင်းရဲသားတစ်ဦးရဲ့ ပညာရေးအတွက် ရင်းနှီးမြှုပ်နှံလိုက်ပုံပါ။

**ဆင်းရဲခြင်းပြဿနာကို အသင်းအဖွဲ့စိတ်ဓါတ်နဲ့ ဖြေရှင်းလို့ ရတယ်**

ကျွန်တော့်ဖခင် ပညာရေးစရိတ်အတွက် ကျွန်တော့်အဒေါ်လေးယောက်က ဈေးရောင်း၍ ထောက်ပံ့ရပါသည် ။ ကျွန်တော့်ဖခင်က BA, BCS အောင်မြင်ပြီး လခစားလုပ်သောအခါ အငယ်ဆုံး ကလေးများကို ကျောင်းပြန်ထားရပါ၏။

တစ်ဖန် ကျွန်တော်သည် အသက် ၂၅နှစ်၌ ဆရာဝန်ဖြစ်ပြီး ကိုယ်ပိုင်ဆေးခန်းဖွင့်နိုင်သောအခါ ကျွန်တော့်အထက်အောက် ညီမသည် နောက်ဆုံးနှစ် ဆေးကျောင်းသူ ဖြစ်၏။ သူက နောက်ဆုံးနှစ် ဆေးကျောင်း

သူဘဝမှာ ပဲ နောက်ဆုံးနှစ် ဆေးကျောင်းသားတစ်ဦးနဲ့ မင်္ဂလာဆောင်တယ်။ ဒီတော့ သူတို့ ကျပ်တည်းတာပေါ့။ ဒီတော့ ကျွန်တော်က ဆေးခန်းထိုင်လို့ ရတဲ့ ငွေနဲ့ သူတို့ ကို ထောက်ပံ့တယ်။ ဒီတော့ သူတို့ ချောင်လည်တယ်။ ကျွန်တော်၏ ညီမက ဆရာဝန်ဖြစ်ပြီး နှစ်အတန်ကြာတော့ အမေရိကန်နိုင်ငံကို ထွက်သွားတယ်။ သူက USA မှာ အခြေတကျ ဖြစ်သွားတဲ့ အခါ ကျွန်တော့်ရဲ့ သမီးကြီးကို နိုင်ငံခြားကောလိပ်တစ်ခုမှာ ကျောင်းပြီးသည် အထိ ကျောင်းထားပေးပါတယ်။

ဒီတော့ လောကဓံတရားကို ရင်ဆိုင်ရာမှာ မိသားစုအတွင်း အသင်းအဖွဲ့စိတ်က အရေးကြီးပါ တယ်။

Vision ဆိုတဲ့ အနာဂါတ်မြင်ကွင်း မျှော်လင့်ချက်ဆိုတာကတော့ ထားရမှာ အမှန်ပါ။

ဖွံ့ဖြိုးဆဲနိုင်ငံတစ်ခုဟာ နောင်ကို ဘယ်တော့ဖွံ့ဖြိုးသောနိုင်ငံကြီး ဖြစ်မလဲဆိုတာ အနာဂါတ် ရည်မှန်းချက် ချမှတ်ရမှာ ပါ။

**နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု FDI**

(Foreign Direct Investment) တွေ ဘယ်တော့လာမလဲ။ ဘင်္ဂလားဒေ့ရှ်နိုင်ငံလို INGO တွေ ထောင်ဂဏန်းပေါင်း ဘယ်တော့ရောက်လာမလဲ စသဖြင့် “လဲ” ပေါင်းများ စွာ မလွဲမသွေ မျှော်လင့်ရမှာ ပါ။

နိုင်ငံခြားကုမ္ပဏီကြီးတွေက ချက်ချင်းပဲ ရောက်လာပါတော့မလိုလို၊ ဟိုလိုလို ဒီလိုလိုလည်း မျှော်လင့်မယ်ဆိုရင် မျှော်လင့်သင့်ပါ၏။ အဲဒီအခါမှာ ကုမ္ပဏီဝန်ထမ်းတွေက လစာ ဒေါ်လာ ၁၀၀၀ လောက်ပဲ ရမလိုလို၊ ဒေါ်လာ ၂၀၀၀ လောက်ပဲ ရမလိုလို မျှော်လင့်မယ်ဆိုရင်လည်း မျှော်လင့်ကောင်း ပါတယ်။ အဲဒီအခါ ဒေါ်လာ ၂၀၀၀ လစာတန် ရာထူးကို ထမ်းဆောင်နိုင်ဖို့ လည်း မိမိဘက်က အသင့်ပြင်ထားသင့်ပါတယ်။

ဒါပေမဲ့ မိမိ လက်ငင်းရင်ဆိုင်နေရတဲ့ လက်ငင်းပြဿနာကတော့ မိမိကိုယ်တိုင် ယနေ့ လက်တွေ့ကျကျ ဖြေရှင်းရမှာ ပါ။

**ကျွန်တော့်ပြဿနာကို ကျွန်တော်ပဲ ရှင်းခဲ့ရပါတယ်။**

ကျွန်တော်သည် သုံးဖြုန်းနိုင်သူတစ်ယောက် မဟုတ်ပါ။ တစ်လ တစ်လကို ဂျာနယ်တွေမှာ ဆောင်းပါး ၂၅ပုဒ်လောက် ရေးပါတယ်။ ဒီတော့ ဂျာနယ်တိုက်တွေက မိမိဆောင်းပါးပါသော ဂျာနယ် ၂၅စောင်လောက် လက်ဆောင်ရပါတယ်။ ဒါပေမဲ့ တစ်လ တစ်လထွက်တဲ့ ဂျာနယ်တွေက ရာနဲ့ ချီ ရှိပါတယ်။ ဒီတော့ နံနက်အိပ်ယာထရင် နံနက်စောစော အိမ်နားက ဂျာနယ်ဆိုင်မှာ ဂျာနယ် ၂စောင်လောက်ကို မတ်တတ်ရပ်ပြီး အလကားဖတ်လိုက်တယ်။ ပြီးတော့ တစ်စောင်ဝယ်တယ်။ ဒီတော့ ဂျာနယ် ၃စောင် ဖတ်ရပါတယ်။ ဒီတော့ ချွေတာလိုက်သလို ဖြစ်သွားတာပေါ့။ ဒီတော့ ကုန်ဈေးနှုန်းတက်ရင် ခံနိုင်ရည်ရှိတယ်လေ။ နိုင်ငံခြားက FDI လာရင် ကြိုဆိုမိပါတယ်။ ဒါပေမဲ့ လည်ပင်းညောင်ရေအိုးဖြစ်အောင် မျှော်မနေနိုင်ပါ။ ကျွန်တော့်ရဲ့ လက်ငင်းဖြေရှင်းရမယ့် ပြဿနာက ညဘက် တီဗွီမကြည့်ဘဲ ည ၈နာရီက ၁၀နာရီအတွင်း ဆောင်းပါးတစ်ပုဒ် အပြီး ရေးနိုင်ဖို့ ဖြစ်ပါတယ်။ ကျွန်တော်က ဆရာဝန်လက်ရေးဆိုတော့၊ လက်ရေးမြန်တော့ တစ်နေ့ တစ်ပုဒ်နှုန်းလောက် ရေးနိုင်ပါတယ်။

**ဆင်းရဲခြင်းပြဿနာကို လက်တွေ့ကျကျဖြေရှင်းနိုင်သော ကျွန်တော်၏ ဖေဖေ**

ကျွန်တော့်ဖေဖေသည် အခြေခံအကျဆုံး ဆင်းရဲသားတော့ မဟုတ်။ ဒါပေမဲ့ လခစားဆို တော့ မချမ်းသာပါ။ သူက လွတ်လပ်ရေးရခါစတွင်း မြို့အုပ်တစ်ဦးဖြစ်ပြီး သူ့ရဲ့ အသက် ၄၀ပြည့်တဲ့ ၁၉၆၀ လောက်မှာ ဖဆပလ အစိုးရခေတ်ရဲ့ ဒုတိယအတွင်းဝန်အဖြစ် အတွင်းဝန်များ ရုံး (နော

င်အခါ ဝန်ကြီးများ ရုံး) မှာ တာဝန်ထမ်းဆောင်၏။ သူ့လခက ၁၄၀၀ ဖြစ်ပြီး ထိုစဉ်က လက်ဖက်ရည်တစ်ခွက် ၁၅ပြား လို့ ဆိုပါတယ်။ ဤတွင် ပြဿနာစပါပြီ။ ပြဿနာက လက်ဖက်ရည်တစ်ခွက် ၁၅ပြားကနေ ပြား ၂၀သို့ ဈေးတက်သွားခြင်းဖြစ်ပါ၏။ ဒီတော့ ကုန်ဈေးနှုန်း နည်းနည်းတက်တဲ့ ပြဿနာပါ။

## ပြဿနာဖြေရှင်းပုံ

ဖေဖေဟာ စီးကရက်သောက်နေရာက စီးကရက်ဖြတ်၍ ဆေးပြင်းလိပ်ပြောင်းသောက်၏။ အကြောင်းကတော့ ဆေးပြင်းလိပ်က ဈေးပိုချိုလို့၊ တစ်နေ့တော့ ကျွန်တော့်ဖေဖေရဲ့ အိပ်ခန်းထဲမှာ ဖေဖေ နဲ့ မေမေ ရန်ဖြစ်သံကြားရ၏။ ကျွန်တော်သွားချောင်းကြည့်တော့ ဖြစ်ပုံက ဒီလိုပါ။ ကျွန်တော့် ဖေဖေရဲ့ ဆေးလိပ်ခွက်ထဲမှာ သောက်ပြီး ဆေးပြင်းလိပ်ကို လက်တစ်ဆစ်အရွယ် တော်တော်များများ ကို ကျွန်တော့်မေမေက သန့်ရှင်းရေးလုပ်ပေးတဲ့ အနေနဲ့ ဆေးလိပ်ခွက်ကို သွန်လိုက်လို့ ပြဿနာပေါ်ပါ၏။ နောက်တော့ ကျွန်တော့်ဖေဖေကဆေးတံတစ်ချောင်း ဝယ်လာတယ်။ သောက်ပြီး ဆေးပြင်းလိပ်တိုတွေကို ဆေးတံမှာ စွပ်ပြီး သောက်တယ်။ ဒီတော့ လက်တစ်ဆစ်အရှည် ဆေးပြင်းလိပ်တိုတွေဟာ တိုသထက် တိုသွားပြီး နောက်ဆုံးမတ်စေ့ အထူလောက်ပဲရှိတော့ရာ ဆေးပြင်းလိပ်တို့ သည် ငါးပြားစေ့ အဝိုင်းလေးလိုဖြစ်သွား၏။

ထိုစဉ်က ကလေးဖြစ်သော ကျွန်တော်သည် ဖေဖေ၏ အိပ်ခန်းထဲသို့ ဝင်သွားပြီး ဆေးပြင်းလိပ် အဝိုင်းလေတွေကို လွှင့်ပစ်လို့ ရပြီလားလို့ မေးတော့ ဖေဖေက ဆေးလိပ်ခွက်ကို ကပျာကယာသိမ်းလိုက်ပြီး ကျွန်တော့်အား အိပ်ခန်းထဲက မောင်းထုတ်လိုက်ပါတယ်။ ကျွန်တော်က စိတ်ဝင်စား၍ ဖေဖေ၏ အခန်းကို အပြင်ကချောင်းကြည့်တော့ ကျွန်တော်၏

ဖေဖေက ဆေးပြင်းလိပ် အဝိုင်းလေးကို စက္ကူပေါ်ချေလိုက်ရာ ဆေးပြင်းလိပ်မှုန်များ ဖြစ်သွား၏။ ၎င်းဆေးပြင်းလိပ်မှုန်များကို ဆေးတံထဲထည့်၍ သောက်၏။ ထိုအခါ ပြာတွေပဲကျန်ခဲ့တော့၏။ ဒါ ဆိုရင်တော့ သေချာပါပြီ။ ပြာ ဆိုရင်တော့ လွှင့်ပစ်လို့ ရပါပြီဟု ကျွန်တော်ထင်၏။ သို့နှင့် ကျွန်တော်သည် ဖေဖေ၏ အိပ်ခန်းထဲသို့ ဝင်သွားပြီး ပြာတွေကို လွှင့်ပစ်လို့ ရပြီလားမေးတော့ ဖေဖေက ဆေးလိပ်ပြာခွက်ကို ကပျာကယာဝှက်လိုက်ပြီး ကျွန်တော့်အား အိပ်ခန်းထဲက မောင်းထုတ်လိုက်ပါသည် ။ ဒီတော့ ဒီပြာတွေကို ဘာလုပ်မှာ လဲ ကျွန်တော်စိတ်ဝင်စားပါ၏။ ဖေဖေသည် ဆေးလိပ်ပြာတွေကို စက္ကူနှင့် အသေအချာထုတ်၍ သေချာစွာသိမ်းဆည်းထား၏။ နောက်တစ်နေ့ဝယ် ကျွန်တော်သည် ဖေဖေ့အခန်းကို အပြင်ဘက်ကနေ ချောင်းကြည့်နေ၏။ ဘာတွေ့လဲဆိုတော့ ဖေဖေဟာ စာကြည့်စာပွဲဘေးမှာ ထိုင်ပြီး မှန်တစ်ချပ်ကို ထောင်ထားပြီး ဆံပင်ဖြူတွေကို ဇာဂနာနဲ့ နှုတ်နေ၏။ ထိုစဉ် ဖေဖေသည် သူသိမ်းထားသော ဆေးလိပ်ပြာထုတ်လေးကို ဖြည်လိုက်၏။ ၎င်းနောက် ပြာကို အသုံးပြု၍ ဆံပင်ဖြူကို နုတ်ပါကြောင်း ဆေးလိပ်ပြာကိုတောင် မလွှင့်ပစ်ပါ။ ဒီတော့ ကုန်ဈေးနှုန်းတက်တဲ့ ဒဏ်ကို ခံနိုင်ပြီပေါ့။

တကယ်တော့ ဆင်းရဲတဲ့ ပြဿနာကို ဖြေရှင်းရာမှာ တစ်ချို့နည်းတွေက ကောင်းတယ်။ ဒါပေမဲ့ အစိုးမရသော အနတ္တတရားတွေ ဖြစ်တယ်။ ပြာနဲ့ ဆံပင်ဖြူနုတ်တဲ့ နည်းကတော့ မိမိလက်ထဲမှာ ပဲ လုပ်ပိုင်ခွင့်( Authourity)ဆိုတာ ရှိလို့ လက်တွေ့ကျပါတယ်။

ပြဿနာကို လက်တွေ့ကျကျ ဖြေရှင်းတဲ့ နည်းလိမ်းတွေ အများကြီးရှိတယ်လို့ ဆိုချင်ပါတယ်။ ကျွန်တော့်ဖေဖေဟာ ဆံပင်ဖြူကို နုတ်ဖို့ အတွက် ဆေးလိပ်ပြာထုတ်ကို သိမ်းထားတဲ့ အထိ ချွေတာ တာကိုတော့ မေမေက ကြည့်မရဖြစ်နေပြီး ဖေဖေရဲ့ အတင်းတွေကို ဆွေမျိုးတွေကို

လိုက်ပြောတော့ ရယ်လိုက်ကြတာ အူတက်မတတ်ပဲ။ ဒါပေမဲ့. . . . ဒါပေမဲ့. . . . ဒါပေမဲ့ နောက်တော့ ရယ်စရာ မဟုတ်ဘဲ ငိုရမလိုဖြစ်လာတယ်။ ဘာကြောင့် လဲဆိုတော့ ကုန်ဈေးနှုန်းက လက်ဖက်ရည်တစ်ခွက် ပြား ၂၀ ၊ ၂၅ပြားလောက်မှာ ရပ်မနေဘဲ ဖြည်းဖြည်းမှန်မှန် တက်လာပါတယ်။ လခစားတွေ မျက်လုံးပြူး ရပါတယ်။ ကျွန်တော့်ဖေဖေ ပင်စင်ယူတော့ ၁၉၈၀ မှာ လက်ဖက်ရည် တစ်ခွက် ၁၀၀ပြား၊ မလောက်ငတဲ့ ပြဿနာကို ဖြေရှင်းရာမှာ ဖေဖေက Corruption ခေါ် အကျင့်ပျက် ခြစားတဲ့ နည်းကို မရွေးချယ်ဘဲ ချွေတာတဲ့ နည်းကို ရွေးချယ်ခဲ့တယ်။ ဖေဖေရဲ့ ဘဝမှာ Corruption ခေါ် အကျင့်ပျက် ခြစားလိုပါက အခွင့်အလမ်းတွေ များ စွာ ရှိပါတယ်။

ယခုအခါမျိုးမှာ လူအချို့ ဆင်းရဲနေပါတယ်။ တစ်ချို့ကလည်း ဆင်းရဲခြင်းကို မျှော်လင့်ခြင်း (Hope) နဲ့ ဖြေရှင်းတယ်။ ရက်ပေါင်း ၉၀ ကြာရင် ဘာဖြစ်မလိုလို၊ ၉၁ ရက်ကြာရင် ချမ်းသာမလိုလို။ စီးပွားရေးလုပ်ထုံးလုပ်နည်းက ပြောင်းမှာ လိုလို နဲ့ ဟိုလိုလို၊ ဒီလိုလိုနဲ့ ထိုင်နေကြလို့ မဖြစ်ပါဘူး။ ကျွန်တော့်ရဲ့ ဘိုးဘိုးဟာ အထမ်းသမားဈေးသည် ဘဝက ကျွန်တော်တို့ နိုင်ငံသည် ဒီမိုကရေစီနိုင်ငံ မဟုတ်၊ ကိုလိုနီနိုင်ငံသာဖြစ်သည် ။ ဘိုးဘိုးက ဆင်းရဲတဲ့ ပြဿနာကို ဖြေရှင်းဖို့ ဒီမိုကရေစီကို စောင့်မနေပါဘူး။ သူ့နည်း သူ့ဟန်နဲ့ ပြဿနာကိုဖြေရှင်းခဲ့ပါတယ်။ အင်္ဂလိပ်ခေတ်က လေးတန်း မအောင်တဲ့ အထမ်းဈေးသည် တောသား ကျွန်တော့်ဘိုးဘိုးဟာ ကျွန်တော်တို့ ဖေဖေကို BA, BCS အောင်တဲ့ အထိ သူ့နည်း သူ့ဟန်နဲ့ ပြဿနာကို ဖြေရှင်း၊ ကျောင်းထားပေးရန် လေးတန်းမက ပညာတတ် ဘွဲ့ရတွေ ပေါ်နေတဲ့ ဒီလိုခေတ်မှာ ပြဿနာကို ဖြေရှင်းစရာနည်းလမ်းတွေ အများကြီး ရှိမှာ ပါ။

ဒါပေမဲ့ ဆင်းရဲတဲ့ ပြဿနာကို ဖြေရှင်းရာမှာ Corruption ခေါ် အကျ

င့်ပျက် ခြစားတာ ကလည်း နည်းလမ်းတော့ မဟုတ်ဘူး လို့ တစ်လက်စ တည်း ကြုံတုန်းလေး အစီရင်ခံလိုပါကြောင်း။

*